Bibliographic Data

Author	ကြန် ၊ ဒေါ် KYAN, Daw Kran‘ , Do‘ **Art.** MK0020
Article Title	မိန်းမယူရင် ငါးကျပ် (Five kyats for marrige) Min‘" ma yu¯ ran‘ na¯" kyap‘
Title (Book/Serial)	မြဝတီ Myawaddy
Issue and Volume	Vol. 35 , No. 5
Edition	
Place/ Publisher	
Distributor	
Ed. Date	Mar. 1987
Pagination	76 - 80
Annotation	After the Second Anglo - Burmese War, the British government ruled Lower Myanmar. The public paid many taxes one of which was the poll tax, which required a married man to pay a larger tax a single man.
Subject Terms	1. Taxation - Myanmar 2. Poll tax
Key Words	1. Poll tax 2. Taxes

မိန်းမယူရင် ငါးကျပ်

ကိုလူထွေး၏မျက်နှာသည် ရှာတော့မည့်မိုးကဲ့သို့ ညို့မှိုင်းပုပ်မှောင်နေသည်။ အံကို တင်းတင်းကြိတ်ထားသည်။ ပေါက်ကွဲလုလု မကျေနပ်စိတ်၊ ဒေါသစိတ်တို့ကို ချုပ်တည်းထားရသည့်ဟန်။

လူခွန်၊ လူခွန်၊တယ်-သည်လူခွန်။ အသံတော့ထွက်မလာ။ ကိုလူထွေး စိတ်ထဲက ရေရွတ်လိုက်ခြင်းသာ ဖြစ်သည်။

× × ×

''လူခွန်ဆိုတာ ဘိုးဘိုးတို့ရဲ့ ဘိုးဘေးတွေခေတ်က မရှိခဲ့ဖူး၊ ကုလားမင်း တက်တော့မှ ဆောင်ရတဲ့အခွန်တော် ငါ့မြေးရဲ့'' ဟု ဘိုးညိုမှိုင်း ပြောပြဖူးသည်ကို အမှတ်ရလာသည်။ ကိုလူထွေး ပြန်လည်ကြားယောင်လာသည်။

ကိုလူထွေး၏အဘိုးဖြစ်သူ ဘိုးညိုမှိုင်းသည် အလွန်နှံ့စပ်သူ၊ ရှေးလူကြီးသူမများ ပြောကြားသည်တို့ကို မှတ်တတ်သူ၊ မှတ်မိသူ၊ ကြားဖူးနားဝရှိသူ တစ်ယောက် ဖြစ်၏။ စာတိုပေစကလေးများနှင့် ဆရာတော် သမားတော်ကြီးများ၏ အဆိုအမိန့်များကို သူမှတ်မိသည့်အတိုင်း ရွတ်ဆိုပြတတ်သည်။ ပြောပြတတ်သည်။ ဇာတ်ကြီးဆယ်ဘွဲ့၊ ဆဒ္ဒန်ဆင်မင်းဝတ္ထု စသည်တို့ကိုလည်း ဘိုးညိုမှိုင်းထံမှပင် ကိုလူထွေးတို့ ကြားနာခဲ့ရသည်။ သို့သော် ကိုလူထွေးတို့ လူငယ်များကား ဘိုးညိုမှိုင်း ပြောပြ ရွတ်ဆိုပြသည်တို့ကို တန်ဖိုး မထားတတ်ကြ။ မှတ်မိသည်တို့ကို မှတ်မိ၍ အများအားဖြင့် ကြားကြား ပျောက်ပျောက် ရှိခဲ့ကြသည်။

''ကုလားမင်းလက်ထက်မှာ စ ဆောင်ရတဲ့ လူခွန်တော်ဆိုတာ ရယ်စရာကြီးပါဟာ၊ တစ်ယောက်တည်းနေတော့ အကောင်းသား၊ မိန်းမယူမှ ဒုက္ခရောက်ဆိုတဲ့ အခွန်မျိုးပေါ့ ငါ့မြေးရဲ့၊ ဟား-ဟား-ဟား''

× × ×

မှန်ပါသည်။

ဗြိတိသျှအစိုးရသည် အောက်မြန်မာပြည်ကို သိမ်းယူပြီးသည်မှစ၍ လူခွန်တော် ကောက်ခံခဲ့သည်။ ရခိုင်၊ တနင်္သာရီနှင့် ပဲခူးနယ်တို့ကို စုစည်း၍ ဗြိတိသျှမြန်မာပြည်ဟု ခေါ်တွင်စေကာ မဟာဝန်ရှင်တော် မင်းကြီး တစ်ဦး ခန့်ထား အုပ်ချုပ်စေသော်လည်း လူခွန်တော် ကောက်ခံရာ၌ အစ ပထမတွင် တစ်နယ်နှင့် တစ်နယ် ကောက်ခံသောနှုန်းထား မတူညီကြချေ။

လူခွန်သည် အသက်၁၈-နှစ်မှ အသက်၆၀-အတွင်းရှိ ယောကျ်ားတိုင်း တစ်ဦးချင်း ထမ်းဆောင်ရသော အခွန်ဖြစ်၏။ ဆင်းရဲချမ်းသာမရွေး၊ ဆူကြံနိမ့်မြင့် မခွဲခြား၊နှုန်းထားတစ်မျိုးတည်း ဘာတ်မှတ်ကောက်ခံသည်။ လူပျို လူလွတ်နှင့် အိမ်ထောင်သည် ဟူသော အမိက ခွဲခြား ချက် တစ်ခုသာ ရှိသည်။ အိမ်ထောင် သည် ယောကျ်ားတို့သည် လူပျိုလူလွတ်တို့ထက် လူခွန် နှစ်ဆ ထမ်းဆောင်ရသည်။

ရန်ကုန်၊ ပုသိမ်၊ မြန်အောင်၊ ပြည်၊ သရက်မြို့၊ တောင်ငူ၊ စစ်တွေ၊ ကျောက်ဖြူမြို့များတွင် မြို့ပေါ်နေသူများသည် လူခွန်မထမ်းဆောင်ရ။ လူခွန်အစား မြေခွန်တစ်မျိုး ထမ် ဆောင်ကြရသည်။ ထို့ကြောင့် လူခွန်သည် မြို့သားများအတွက် မဟုတ်။ ယေဘုယျအားဖြင့် ကျေးလက် တောရွာသားများအတွက်သာဟု ဆိုရပေမည်။ကောက်ခံသည့် နှုန်းထားကလည်း အစတွင် တစ်နယ်နှင့် တစ်နယ် မတူသည်သာမက မြေပြန့်နှင့်တောင်ပေါ်၊ လယ်ယာကိုင်းကျွန်းလုပ်သူနှင့် တောင်ယာခုတ်လုပ်သူဟု ခွဲခြားထားသေးသည်။

ရန်ကုန်၊ ပုသိမ်၊ ပြည်၊ မြောင်းမြ စီရင်စုများတွင် အသက် ၁၈ - နှစ်မှ ၆၀ - အထိ အိမ်ထောင်သည် ယောကျ်ားတိုင်း တစ်နှစ်လျှင် ငါးကျပ်၊ အသက် ၁၈-နှစ်မှ ၆၀-အထိ လူပျိုလူလွတ်နှင့် မုဆိုးဖိုများ တစ်နှစ်လျှင် နှစ်ကျပ်ခွဲ လူခွန်ဆောင်ရသည်။ ပုသိမ် စီရင်စုတောခေါင်သော ဒေသ တို့ တွင် အိမ်ထောင် သည် လေးကျပ်၊ လူလွတ်လူပျို မုဆိုးဖို နှစ်ကျပ်နှုန်း ထမ်းဆောင်ရသည်။

ပြည်စီရင်စု၊ သရက် စီရင်စုတို့တွင် ဝေးခေါင်သော နယ်စွန်နယ်ဖျားများနှင့်မင်းတုန်း၊မင်းတပ်၊မြေထဲ၊မြို့လှ၊ ကံမ မြောက်ပိုင်း၊ သရက် အနောက်ပိုင်းတို့တွင် သုံးကျပ်နှင့် တစ်ကျပ်ခွဲ၊ ဘောင်ငူ စီရင်စုတွင်မူ လေးကျပ်နှင့် နှစ်ကျပ် ကောက်ခံသည်။ ထိုဒေသများတွင် တောင်ယာ လုပ်ကိုင်စားသူများအတွက် နှစ်ကျပ်နှင့် တစ်ကျပ် သတ်မှတ်သည်။

မုတ္တမ ကျိုက္ခမီ စီရင်စုတို့တွင် မြေပြန့်၌ နေထိုင်သူများသည် ငါးကျပ်နှင့် နှစ်ကျပ်ခွဲ ထမ်းဆောင်ရသည်။ တောင်ပေါ်နေသူများ၊တောင်ယာခုတ် လုပ်စားသူများကား နှစ်ကျပ်နှင့် တစ်ကျပ် လူခွန်ထမ်းဆောင်ရသည်။ အလားတူပင် ထားဝယ်စီရင်စုတွင် လေးကျပ်နှင့် နှစ်ကျပ်။ မြိတ်စီရင်စုတွင် သုံးကျပ်နှင့် တစ်ကျပ်ခွဲ။ တောခေါင်သောဒေသ၊တောင်ပေါ်ဒေသများတွင်နှစ်ကျပ်နှင့် တစ်ကျပ် လူခွန်ဆောင်ရသည်။

စစ်တွေစီရင်စုတွင် မြေပြန့်နေသူများ ငါးကျပ်နှင့် နှစ်ကျပ်ခွဲ။ အမ်း၊ ရမ်းဗြဲ၊ သံတွဲ၊ ဋနယ်များတွင် လေးကျပ်နှင့် နှစ်ကျပ်။ တောင်ပေါ် နေသူများ၊ တောင်ယာခုတ်သူများ နှစ်ကျပ်နှင့် တစ်ကျပ် ထမ်းဆောင်ရသည်။ ရခိုင်တောင်တန်းစီရင်စုတွင် လူပျိုများ လူခွန် မထမ်းဆောင်ရ၊ လွတ်ငြိမ်းကြသည်။

ထိုကဲ့သို့ တစ်နယ်လျှင် တစ်မျိုး ကောက်ခံနေသော လူခွန်သည် အောက်မြန်မာပြည် လယ်ယာနှင့် မြေခွန်ဘော် အက်ဥပဒေ ပြဋ္ဌာန်းသည့် ၁၈၇၆-ခုနှစ် နောက်ပိုင်းတွင် ငါးကျပ်နှင့် နှစ်ကျပ်ခွဲ တစ်သမတ်တည်း၊တစ်မျိုးတည်းဖြစ်သွားသည်။အထက်မြန်မာပြည်ကို၁၈၈၅-ခုနှစ်တွင် သိမ်းယူ၍ မြန်မာတစ်ပြည်လုံး ဗြိတိသျှတို့ စိုးမိုးမှု အောက်သို့ ရောက်သောအခါ မြန်မာတစ်ပြည်လုံး ထိုနှုန်းထားအတိုင်း လူခွန်ဆောင်ကြရသည်။

အခွင့်အရေး တစ်ရပ်အနေဖြင့် လူခွန် လွတ်ငြိမ်းချမ်းသာသူများရှိသည်။ ဘုန်းတော်ကြီးများ၊ ကျောင်းဆရာများ၊ ကျောင်းသားများ၊ အစိုးရ အမှုထမ်းများ၊ ကျေးရွာအမှုထမ်းများဖြစ်သော ရွာသူကြီး၊ရွာခေါင်းနှင့် ကြေးထမ်းကြီးများ၊ မျက်မမြင်၊ စိတ်မနှံ့၊ ဒုက္ခိတများ လူခွန် မပေးဆောင် ကြရချေ။

နှစ်စဉ် ဝါခေါင်လ ဆိုလျှင် ရွာသူကြီးတို့က လူခွန်တော် ကောက်ခံကြပြီ။ ဝါဆို ဝါခေါင် ရေဖောင်ဖောင် ဆိုသည့်အတိုင်း မိုးလေက ကြီးပါဘိသနှင့်။ သွားရေးလာရေးက ခက်၊ အစားအသောက်က ရှား၊လယ်လုပ်သူများမှာလည်း စိုက်ရပျိုးရ လက်စက မသတ်ရသေး။ အလွန် ကသီလင်တ ဖြစ်ရသော အချိန်။ ထိုအချိန် ထိုကာလ ဝါခေါင်လတွင်မှ လူခွန်တော် ကောက်သည်။ အငြိုးနှင့် ကြံဖန်တွက်ချက်၍ပင် နှိပ်စက်လေသလောဟု တွေးထင်ဖွယ်ရာပင်။

× × ×

လူပျို လူလွတ် နှစ်ကျပ်ခွဲ။အသက် ၆၀-အထိ မိန်းမမယူဘဲ လူပျိုကြီး လုပ်နေနိုင်လျှင်တော့ နှစ်စဉ် နှစ်ကျပ်ခွဲဘဲ လိုမည်။ မိန်းမယူသည်နှင့် တစ်ပြိုင်နက် ငါးကျပ်မှ တစ်ပြားမှ မလျော့။ မိန်းမ ခယူချင်အောင် ဖန်တီးထားသည့်နှယ်။ အိမ်ထောင်သည် ယောကျ်ား တစ်ယောက် မိန်းမသေ၍ မုဆိုးဖိုဖြစ်လျှင် တစ်နည်းတော့ ခပ်ကောင်းကောင်းဟုပင် ဆိုရမလား။ လူခွန် လျော့သွားမည်။ နှစ်ကျပ်ခွဲသာ ဆောင်တော့မည်။ တစ်ပင်

လဲမှ တစ်ပင်ထူ နောက် အိမ် ထောင် ပြု လျှင် တော့ မသက်သာ။ လူ့ခွန်ငါးကျပ်မှ ငါးကျပ်အတိ ဆောင်ရမည်။

ဒါကို မောင်လူထွေး မကျေနပ်၊ ခံပြင်းလှသည်။ မိန်းမ မယူဘဲ လူပျိုကြီးလုပ်တော့မည်ဟု မဆုံးဖြတ်ရဲ၊ မဆုံးဖြတ်ရက်။ ထားမေ၏ မျက်နှာကလေး ကွက်ခနဲ ပေါ်လာသည်။ ဘာကို စိတ်ဆိုးရမှန်းမသိ၊ ဘယ်သူ့ကို စိတ်ဆိုးရမှန်းမသိ။ ကိုလူထွေးရင်ထဲ ပူလောင်လာသည်၊ ဒေါသထလာသည်။

တစ်နေ့က ဆရာကလေး မြို့မှ ယူလာသော ဝံသာနု သတင်းစာထဲဖတ်လိုက်ရသည်ကို သတိရလာသည်။ ကိုလူထွေးသဘောကျမိသည်။ မိန်းမယူလျှင် နှစ်ကျပ်ခွဲတိုး ပေးရသော လူ့ခွန်တော်သည် အစိုးရက မင်္ဂလာကြေး ကောက်ခြင်းလား၊ ခဲမိုးတောင်းခြင်းလား၊ ရွာထဲက ကာလသားခေါင်း ကိုပန်းမွှေးတို့ကို ကျေနပ်အောင် ပြောနိုင်ဆိုနိုင်လျှင် အသနားခံနိုင်လျှင် ခဲမိုး ထိုက်သင့် သမျှလျှော့သေးသည်။ သင့်ရုံတော်ရုံတစ်ခွက်တစ်ဖလား နှင့် ကျေနပ်သွားသည့် အခါလည်း ရှိသည်။ အစိုးရကို ပေးရသည့် ခဲမိုးက ဘယ်လိုမျှအသနားခံ တောင်းပန်၍ မရ။ တတ်နိုင်သည် မတတ်နိုင်သည်မှာ အကြောင်း မဟုတ်၊ မိန်းမယူလျှင်တော့ နှစ်စဉ် ငါးကျပ်ပေးရမှာဘဲ။

ဤကဲ့သို့ ဝံသာနု သတင်းစာတွေက ကန့်ကွက်၍ ရေးကြပါသည်။ ဝံသာနုအသင်းသားများက ပြောကြ ဟောကြပါသည်။ သဲထဲရေသွန်သည့်အလား ဘာမျှ အရာမထင်၊ မထူးခြား။ မိန်းမယူလျှင်တော့ နှစ်စဉ်လူ့ခွန် ငါးကျပ်ပေးရပေတော့မည်။ ဒါကို မောင်လူထွေးခံပြင်း လှသည်။

× × ×

''သည်မှာလာထိုင်ပြီး တစ်ယောက်တည်း ဘာတွေ ဒေါပွနေသလည်း ကိုယ့်လူ၊ ထားမေကိုတောင် ရွာ လမ်းအထွက်မှာ တွေ့ခဲ့သေးတယ်''

''ဘာရယ်တော့ မဟုတ်ပါဘူး ကိုဖိုးခွေးရယ်၊ တစ်နေ့က ဝံသာနု သတင်းစာထဲ ဖတ်လိုက်ရတဲ့ လူ့ခွန် အကြောင်း တွေးနေတာပါ''

''ဟဲဟဲ-ကိုယ့်လူ မိန်းမယူလျှင်တော့ ငါးကျပ်ဘဲ၊ တစ်ပြားမှမလျှော့ဘူး၊ ဒါထက် မင်းတို့လည်း သည်နှစ် လိုလို ဟိုနှစ်လိုလိုနှင့် ရက်ဆွဲလာကြတာ ဘယ်နှမိုး ရှိနေပြီလည်း''

''ရက်ဆွဲနေတာတော့ ဘယ်ဟုတ်မလည်း ကိုဖိုးခွေး ရယ်''

× × ×

အချိန်ကား ၁၉၃၀-ဝန်းကျင် ကာလ၊ ကမ္ဘာ့ စီးပွားပျက် ကပ်ဆိုက်နေချိန်။ မြန်မာ တောင်သူ လယ် သမားများ စပါးဈေးကျ၍ အလူးအလှိမ့် ခံနေကြရချိန် ဖြစ်သည်။ ဘိုးဘွားမိဘလက်ထက်ကပင် ပိုင်ဆိုင် လုပ် ကိုင်လာခဲ့သော လယ်များလက်လွှတ်၍သူရင်းငှားဘဝ၊ လယ်မဲ့ယာမဲ့ ဘဝသို့ ရောက်ကြသူ အများအပြားပင်။ အစိုးရ၏ အခွန်တော် အမျိုးမျိုးကလည်း တစ်ဖက်မှ ဖိစီး၊ ပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိ။ တစ်မိုးလုံး နွားနှင့်ဖက်ရုန်းကာ ပင်ပန်းကြီးစွာ ထွန် ယက် စိုက်ပျိုး၍ ရသမျှ စပါးလည်း တလင်းပြင်မှပင် အိမ်သို့မရောက်။ ချစ်တီးနှင့် လယ်ရှင်၊ မြေရှင်၊ ကြွေး ရှင်၊မြို့ရှင်များက အသီးသီး ကြွေးနှင့်ခုနှိမ်ကာ ယူသွား ကြသည်။ ဝမ်းစာကျန်မည်ဝေးစွ။ ကောက်ဆွနှင့် ဆန် ကောသာ ကျန်သည်ဆိုသည့်အဖြစ်နှင့် ရင်ဆိုင်နေကြရ သည်။ နောက်နှစ်အတွက် ကြွေးထပ်ချေးယူကြရဦးမည်။ ဤသို့ဖြင့် ကြွေးတွင်နစ်၍ မွဲသည်ထက် မွဲလာကြသည်။ လယ်သမားများ ဖောင် စီး ရင်း ရေငတ်နေကြသည်။ ပင်ပန်းကြီးစွာ အလုပ်လုပ်ပါလျက် မစားရ။ ငတ်နေကြ

သည်။ သူလည်း သည်လို၊ ကိုယ်လည်း သည်အတိုင်း။ မည်သူ့ကိုမျှ မည်သူ မကယ်နိုင်။ ငွေရှင်ကြေးရှင်များ၊ ချစ်တီးများ လက်တွင်းမှ မည်သို့မျှ ရုန်းထွက်၍မရသည့် ဘဝ။ ငွေကိုယူသည်၊ ရွှေကိုယူသည်၊ နောက်ဆုံးကျတော့ လူပါ ယူသည်၊ မျိုးပျောက်မှာ စိုးကြောက်ပါလှသည်ဟု စာဖွဲ့ရသည့် အချိန်ကာလ ဖြစ်လေသည်။

× × ×

ထားမေ၏ မှတ်နှာကလေးကို ကွက်ခနဲ မြင်ယောင်လိုက်သော ကိုလှထွေးသည် ရှေ့တည့်တည့် တစ်မျှော်လောက်ရှိ လယ်တွင်းပြင်မှ ရှခင်းကို ရင်နင့်စွာ ငူးစိုက်ကြည့်နေမိသည်။

အရိုးစာဉတို့ဘလင်းတွင် လူခေတ္တစုရုံး စုရုံး ဖြစ်နေသည်။ ငပါးခြင်သူခြင်၊ ငှဉ်းပေါ်တင်သူတင်။ ကြေးရှင်မြို့ရှင်များက တလင်းမှစပါးကို ကြွေးနှင့်လာသိမ်းယူနေခြင်းဖြစ်သည်။ လှည်းလမ်းကြောင်းမှ ဖုန်တထောင်းထောင်းနှင့် မောင်းထွက်သွားသော လှည်းများကို ကိုလှထွေးနှင့် ကိုဖိုးခွေးတို့ ငေးကြည့်နေကြသည်။

''တောက်''

ပြင်းထန်လှသော တောက်ခေါက်သံကြီး။ ကိုလှထွေးထံမှ ထွက်ပေါ်လာခြင်း ဖြစ်၏။ ရုတ်တရက် လန့်၍ ကိုဖိုးခွေး တုန်များပင် တုန်သွားသည်။ ကိုဖိုးခွေး လှည့်မကြည့်။ သို့သော် ကိုလှထွေး ဘာဖြစ်နေသည်၊ ဘယ်လို ခံစားနေရသည်ကို သူသိ၏။ ကိုဖိုးခွေး ကိုယ်တိုင်လည်း ရင်ထဲတွင် တစ်မျိုးကြီး။ ထိုးချင်သလိုလို၊ သတ်ချင်သလိုလို ဘီလူးစိတ် ပေါက်နေသည်။ သို့သော် ဘာတတ်နိုင်မှာလည်း။ ထို့ကြောင့်-

''**ဘာတတ်နိုင်မှာလည်း သူငယ်ချင်းရယ်**'' ဟု လှည့်မကြည့်ဘဲ လေပျော့နှင့် ပြောလိုက်သည်။

အင်း-ဟုတ်ပါသည်။ ခုတော့ ဘာတတ်နိုင်မှာလည်း၊ ဒါပေမယ့် သည်လိုဘဲ ခံနေကြရတော့မှာလား။ တစ်နေ့တော့ တစ်နေ့နေ့တော့ တတ်နိုင်တဲ့ နည်း တစ်နည်းနည်းရှိရမှာပေါ့၊ ပေါ်လာမှ ပေါ့။

ကိုလှထွေးနှုတ်မှ အသံ ထွက် လာ ခြင်း မဟုတ်ပါ။ ရင်ထဲတွင် ဖြစ်ပေါ်လာသော ခံစားချက်မျှသာ။

ကိုလှထွေး၊ ကိုဖိုးခွေးပေါင်း များစွာတို့၏ အသက်တို့ဖြင့် ရင်းနှီးခဲ့ရသော တောင်သူလယ်သမား အရေးတော်ပုံကြီးကို အလေးပြုလျက်။ ။

မကြန်